အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
# (၁၂) ကြိမ်မြောက် ညီလာခံ ထုတ်ပြန်ကြေညာချက်

ရက်စွဲ - ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ( ၃၁) ရက်နေ့။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ (၁၂) ကြိမ်မြောက်ညီလာခံကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ တတိယပါတ်အတွင်း ထိုင်းနိုင်ငံတနေရာတွင် ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံသို့ အဖွဲ့ဝင် အဖွဲ့အစည်းများမှ ညီလာခံကိုယ်စားလှယ်များ၊ မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ အကြံပေးအဖွဲ့ဝင်များ၊ နည်းပညာအကြံပေးများ၊ နိုင်ငံရေးရှေ့ဆောင်နှင့် စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ဝင်များ၊ အဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းစဉ်က ပါဝင်ခဲ့သူများ၊ လုပ်ငန်းတာဝန်ခံများနှင့် ဝန်ထမ်းများ စုစုပေါင်း (၁၁၄) ဦးပါဝင်တက်ရောက်ခဲ့ကြပါသည်။

ညီလာခံတွင် (၁၁) ကြိမ်မြောက် ညီလာခံသက်တမ်းဖြစ်သည့် (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ) အတွင်း ဆောင်ရွက်ခဲ့သော အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေး အစီရင်ခံစာများ တင်သွင်းခြင်း၊ မူဝါဒရေးရာ ဦးဆောင်အဖွဲ့၏ နိုင်ငံရေးသုံးသပ်ချက် အစီရင်ခံစာတင်သွင်းခြင်း၊ ၂၀၂၄ - ၂၀၂၅ တနှစ်တာ ကာလအတွင်း ပြုလုပ်ခဲ့သော အဖွဲ့ချုပ်၏ စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ပြန်လည်ဆန်းစစ်ခြင်း အစီရင်ခံစာနှင့် အုပ်ချုပ်မှု ယန္တယားအဆင့်ဆင့်ကို ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အစီရင်ခံစာများအရ အဖွဲ့ချုပ်၏ မူဝါဒရေးရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အုပ်ချုပ်မှုယန္တယား အဆင့်ဆင့်၏ တာဝန်နှင့် ဝတ္တရားများကို ပြန်လည်စီစစ်အတည်ပြုခြင်း၊ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများ ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်း၊ အဖွဲ့ဝင်အသစ်လျှောက်ထားမှုများအား စိစစ်အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ညီလာခံမှ (၁၂) ကြိမ်မြောက်ညီလာခံသက်တမ်းဖြစ်သည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၈ ခုနှစ်၊ ဒီဇင်ဘာလအထိ နိုင်ငံရေးဆိုင်ရာ မူဝါဒဦးဆောင်မှုကို တာဝန်ယူမည့် မူဝါဒရေးရာဦးဆောင်အဖွဲ့ကို အဖွဲ့ဝင်အဖွဲ့အစည်း (၁၃)ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် ဖွဲ့စည်းခြင်းနှင့် အကြံပေးအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်းတို့ လုပ်ဆောင်ခဲ့သည်။

၁၁ ကြိမ်မြောက် ညီလာခံသက်တမ်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အတွင်းရေးမှူးအဖွဲ့၏တာဝန်များ ပြီးဆုံးပြီဖြစ်သော်လည်း သုံးသပ်ချက်အစီရင်ခံစာများအပေါ် အခြေခံ၍ အဖွဲ့အစည်းပိုမိုအားကောင်း သန်မာရေးပြင်ဆင်ရန် အချိန်ယူသည့်အနေဖြင့် (၁၂) ကြိမ်မြောက်ညီလာခံသက်တမ်းအတွက် တာဝန်ယူမည့် အတွင်းရေးမှူးအဖွဲ့အသစ် ရွေးချယ်တင်မြှောက်ခြင်းကို (၆)လ ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့သည်။ ဤ (၆)လတာကာလအတွင်း အတွင်းရေးမှူးအဖွဲ့ကိုယ်စား အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ယူမည့် ယာယီအတွင်း ရေးမှူးအဖွဲ့ (Acting Secretariat Team) ကို အဖွဲ့ချုပ်၏ မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သူများ၊ အကြံပေးအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သူများပါဝင်သော အဖွဲ့ဝင်(၅)ဦးဖြင့် ညီလာခံက ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ဤ(၁၂)ကြိမ်မြောက်ညီလာခံတွင် အဖွဲ့ချုပ်၏ နိုင်ငံရေးမျှော်မှန်းချက်၊ ဦးတည်ချက်များနှင့်အညီ

- စစ် အာဏာရှင်စနစ်နှင့် အာဏာရှင်စနစ်အားလုံး အဆုံးသတ်ရေး၊
- အမျိုးသမီးအခွင့်အရေးနှင့် ဂျဲန်ဒါတန်းတူရေး၊ တရားမျှတရေးနှင့် ငြိမ်းချမ်းရေး၊
- နိုင်ငံရေးဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်း၊ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အဓိပ္ပါယ်ပြည့်ဝစွာပါဝင်ရေး၊
- အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ရေး၊
- အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊
- ပြည်နယ်များအားကောင်းရေးမှသည် ဖက်ဒရယ်ပြည်ထောင်စုကိုအားကောင်းစွာ တည်ဆောက်နိုင်ရေးချဉ်းကပ်မှုဖြင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပေါ်ထွန်းရေး စသည့်နိုင်ငံရေး လုပ်ငန်းစဉ်တို့ကို ဦးစားပေးလုပ်ဆောင်သွားရန် အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။

**ဆက်သွယ်ရန်**

နှင်းနှင်း (မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင်) - Signal - +959259267098
မမီးမီး (မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင်) - Signal:  +959979546124)